# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့(၄. ၁၂. ၂၀၁၇) ရက်နေ့တွင် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"အများပြည်သူနှင့်သက်ဆိုင်သော မြေ နေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကိုထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှား ဂရန်များထုတ် ပေးထားခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန်"** အဆိုကို ပေးပို့လာပါတယ်။ ယခု ဦးသန်းထိုက်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)**။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ **"အများပြည်သူနှင့်သက်ဆိုင် သော မြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေ သည့်မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်များထုတ် ပေးထားခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။ အဆိုမတင်သွင်းခင် ကျွန်တော့အနေနဲ့ အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို အနည်းငယ် တင်ပြလိုပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းထားသော တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီထံသို့ ပြည်သူများမှယုံကြည်အားကိုးစွာဖြင့် ပြည်နယ်လွှတ်တော်သို့ တင်ပြတိုင်ကြားစာများတွင် အများပြည်သူများနှင့် ဆိုင်သော မြေနေရာများ၊ ကျောင်း၊ ဆေးရုံနှင့် အချက်အချာ ကျသော လမ်းဆုံအစရှိသောမြေများကို အုတ်တံတိုင်းများကာရံခြင်း၊ အဆောက်အဦများ ဆောက်လုပ် လာခြင်းများကို ကွင်းဆင်းစိစစ်ပေးရန်တင်ပြ လာတဲ့အမှုတွဲများလည်းများပြားလာခြင်း၊ သာဓကအနေနဲ့ ပထမပိုင်းအစီအစဉ်ဖြစ်သော မေးခွန်းများမေးမြန်းခြင်း အစီအစဉ်တွင် လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သူမေးမြန်းသွားသော မေးခွန်းထဲ၌ ပါဝင်တဲ့ပုံစံမျိုး အများအပြားလည်းပါရှိတာဖြစ်ပါတယ်။ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရေးလုပ်ငန်းများတွင် အဟန့်အတားများနှင့် အနှောင့် အယှက်များ ကြုံတွေ့နေရတဲ့အချိန်ဖြစ်ပါသောကြောင့် ဒီတိုက်တွန်းခြင်းအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ ကြီးကြပ်မှုတို့ဖြင့် မြို့ပြ၊ ကျေးလက်နယ်စပ်ဒေသများပါမကျန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်နေပြီး သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုလည်း အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ မြို့ပြများတွင် မြို့အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်

သာယာရေးလုပ်ငန်းများတွင်လည်း ပြည်သူမှ ရွေးကောက်ခံကိုယ်စားလှယ်များပါဝင်ပြီး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက်ဖွဲ့စည်းပြီး စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ စည်ပင်သာယာရေးကော်မတီ၏ ပင်မလုပ်ငန်းတာဝန်များကို တက်ညီလက်ညီနှင့်ဆောင်ရွက်နေကြပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ပြည်သူပူးပေါင်းပါဝင်မှုမျိုး ဖြင့်လုပ်ကိုင်နေကြပြီးဖြစ်ပါတယ်။ အစိုးရအနေဖြင့် အများပြည်သူများနှင့်သက်ဆိုင်သော မြေနေရာများတွင် အများပြည်သူများ အပန်းဖြေနားနေရန်ပန်းခြံများ၊ ကစားကွင်းများ ဖော်ဆောင်နေပြီး ယခင်ကရှိခဲ့သော ပန်းခြံများ၊ ကစားကွင်းများ၊ ပြည်သူပိုင်မြေနေရာများကို ပြန်လည်ဖော်ထုတ်နေချိန်လည်း ဖြစ်ပါတယ်။ ဒ့ါအပြင်ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့တွင်လည်း ဘတ်ဂျက်များကို ယခင်ကထက်ပိုမိုသုံးစွဲလာပြီဖြစ်ရာ အထူးအလေးထားဆောင်ရွက်လာပြီဖြစ်ပြီး စာသင်ကျောင်း၊ ကျောင်းအားကစားကွင်း၊ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ကစားကွင်းများအတွက် လိုအပ်သော အခြေခံ အဆောက်အအုံများ၊ ရန်ပုံငွေများကိုလည်း ပိုမိုသုံးစွဲလာလျက်ရှိပါတယ်။ ၎င်းလိုအပ်ချက်များ၏ ရန်ပုံငွေလိုအပ်ချက်များကိုတင်ပြရာတွင် မြေယာပိုင်ဆိုင်မှု အတိအကျဖြင့် တင်ပြရန် ညွှန်ကြားချက်များလည်း ထားရှိပြီးဖြစ်ပါတယ်။ ထိုရန်ပုံ ငွေလိုအပ်ချက်များကို တင်ပြလာသည့်အခါမှသာ ၎င်းနေရာများတွင် မြေပေးမိန့်များ၊ မြေငှားဂရန်များချထားပေးခြင်းများကိုလည်း တွေ့ရှိလာရပါတယ်။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်သည့်အခါတွင် အများပြည်သူနှင့် သက်ဆိုင်သည့် မြေနေရာများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေသည့် မြေနေရာများကို ပုဂ္ဂလိက၊ အဖွဲ့အစည်းများသို့ မြေပေးမိန့်များ၊ မြေငှားဂရန်များ ချထားပေးလျက်ရှိသည်ကို ယခုအခါမှာ ပိုမိုတွေ့မြင်သိရှိလာရပါတယ်။ ယခင်ကမြို့ပြများတွင် မြို့ပြစီမံကိန်းများကို စနစ်တကျရေးဆွဲထားမှုရှိခဲ့သော်လည်း စီမံကိန်းအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိခြင်း၊ တိုးတက်များပြားလာမည့် လူဦးရေပမာဏနှင့်လိုအပ်မည့် မြေဧရိယာများအပေါ် စနစ်တကျစီမံကိန်းချ ဆောင်ရွက်မှု အားနည်းလာခြင်းတို့ကြောင့် မြို့အင်္ဂါရပ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဖော်ဆောင်ရာတွင် လုပ်ငန်းနှောင့်နှေးမှုများနှင့် ထိခိုက်မှုများ ကြုံတွေ့နေရပါတယ်။သို့ပါသော်လည်း ရှမ်းပြည်နယ်အစိုးရအနေဖြင့် ယခုအခါ ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့နယ်အလိုက် မြို့ပြစီမံကိန်းများကို ရေးဆွဲရန်အစီအစဉ်များ ချမှတ်ပြီးလာမည့် ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို သိရှိရသည့်အတွက်လည်း ကျွန်တော့်အနေနဲ့ တောင်သူများကိုယ်စား အထူးပဲဝမ်းသာမိပါတယ်။

သို့ပါသောကြောင့် အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်များ ထုတ်ပေးထား ခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးသန်းထိုက်တင်သွင်းတဲ့ **"အများပြည်သူနှင့် သက်ဆိုင်သောမြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်များ ထုတ်ပေးထားခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက်ထောက်ခံ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးသန်းထိုက်တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"အများပြည်သူနှင့် သက်ဆိုင်သောမြေနေရာများ၊ မြို့ အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သန့်ရှင်းသာယာ ရေးတို့ကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်များ ထုတ်ပေးထားခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန်"** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူမှာဖြစ်ပါတယ်။ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးသန်းထိုက်တင်သွင်းသည့် အဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။ ၎င်းအဆိုကို **၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် (အင်္ဂါနေ့)**တွင် ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့(၅. ၁၂. ၂၀၁၇) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှဦးသန်းထိုက်၏"အများပြည်သူနှင့်သက်ဆိုင်သော မြေနေရာများ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်များ ထုတ်ပေးထားခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက အမည်စာရင်းပေးသွင်းထားပါတယ်။

ဒါကြောင့် ပထမဦးစွာ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းဖြစ်ပြီး ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်တင်သွင်းသော "အများပြည်သူနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့ အင်္ဂါရပ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်များ ထုတ်ပေးခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ကျွန်တော့် မဲဆန္ဒနယ်အားအခြေခံ၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာစီမံခန့်ခွဲမှုမှန်ကန်ရေးသည် မိမိတို့နိုင်ငံအတွက် များစွာအရေးကြီးသည်ဟုခံယူမိပါသည်။ မှန်ကန်သော မြေယာစီမံခန့်ခွဲမှုကို ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံ၏တိုးတက်ရာတိုးတက်ကြောင်းကို အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အစိုးရဌာနများမှ သက်ဆိုင်ရာဥပဒေ စီမံခန့်ခွဲသောမြေအသုံးချမှု အမျိုးမျိုးရှိတယ်။ မြေအသုံးချမှုပုံစံများမှာ မြို့ပြ၊ ကျေးရွာ၊ အခြေချ နေထိုင်ရာမြေ၊ လူအများအဆောက်အဦ ဆောက်လုပ်နေထိုင်ရန်အလို့ငှာ ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်း၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံချက်ဖြင့် သတ်မှတ်ခွင့်ပြုထားသော နယ်မြေကိုဆိုလိုသည်။ ဥပမာ- သုသာန်၊ ဘောလုံးကွင်း၊ သောက်ရေကန်၊ စာသင်ကျောင်း၊ သာသနာ့မြေစသည်တို့ဖြစ်ပါတယ်။ မြို့ပြနှင့် ရွာမြေများအား စီမံခန့်ခွဲလျက်ရှိသည့် ဝန်ကြီးဌာနလည်းဖြစ်ပါတယ်။ မည်သည့်မြေယာ စီမံခန့်ခွဲမှုမဆို စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အမိန့်တစ်ရပ်လိုအပ်ပါတယ်။ ထုတ်ပြန်ထားသော အမိန့်တစ်ရပ်စီမံခန့်ခွဲမှုဆောင်ရွက်ရာတွင် တည်နေရာ၊ အချိန်ကာလပါရှိရမည်ဖြစ်ပြီး အမိန့်ပါအတိုင်း လက်ရောက်ရယူမှုရှိရန်လည်း လိုအပ်ပါတယ်။ ယခုအချိန်တွင်ပြည်ထောင်စု အစိုးရ၏ဦးဆောင်မှု၊ ပြည်နယ်အစိုးရ၏ကြီးကြပ်မှုတို့ဖြင့် မြို့ပြ၊

ကျေးလက်၊ နယ်စပ်ဒေသများပါမကျန် လူမှုဘဝတိုးတက်ရေးကို ဦးစားပေးကဏ္ဍအဖြစ် ဆောင်ရွက်နေပြီလည်းဖြစ်ပါတယ်။မြို့ပြလိုအပ်ချက်အရမြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လာရာတွင် အများနှင့်သက်ဆိုင်သောမြေနေရာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေသော မြေနေရာများတွင် ယခင်က မြေအသုံးချမှုမရှိခဲ့သော နေရာများဖြစ်ပါတယ်။ ယခုအခါ လမ်းမြေ၊နေအိမ်အသီးသီး၊ ရပ်ကွက်အသီးသီး၏ ရေဆိုးထုတ်မြောင်းများ၊ အဆောက်အဦများကို အသုံးပြုထားခြင်းများတွေ့ရှိလာရသည့်အတွက် အများပြည်သူအတွက်များစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိပါတယ်။ ယခင်ကသေချာစွာ စိစစ်ဆောင်ရွက်ခြင်းမရှိသည့်အတွက် ယခုလိုကြုံတွေ့နေရခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်၏မဲဆန္ဒနယ်တွင်လည်း ယခုကဲ့သို့ အဖြစ်မျိုးကို သာဓကအနေဖြင့် တင်ပြလိုပါသည်။ ညောင်ရွှေမြို့ ဝင်းရပ်တွင် ရေမြောင်းများကို ပိတ်ဆို့၍ အဆောက်အဦကြီးများ၊ ဟိုတယ်ကြီးများ ဆောက်လုပ်ထားသည်ကို တွေ့ရှိရပါတယ်။ သို့ပါသောကြောင့် "အများပြည်သူ နှင့်သက်ဆိုင်သောမြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေဂရန်များထုတ် ပေးထားခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ကျွန်တော်ဦးခင်မောင်ဝင်းမှ ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်မေရီရှို့က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မေရီရှို့၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီရှို့ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှ (၄. ၁၂. ၂၀၁၇) ရက်နေ့တွင် တင်သွင်းသော "အများပြည်သူနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကိုထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊မြေငှားဂရန်များထုတ်ပေးခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဖယ်ခုံမြို့နယ်တွင် အများပြည်သူပိုင်မြေနေရာများတွင် မြေပေးမိန့်များ၊ ဂရန်များထုတ်ပေးထားသည်ကို အများအပြားတွေ့ရှိရပါတယ်။ ဖယ်ခုံမြို့နယ်တွင် နေထိုင်သောလူဦးရေ ( ၁၅၀၀၀၀/- ) ကျော်ရှိပြီး

မြို့ပေါ်နေထိုင်သည့်လူဦးရေပမာဏလည်း တဖြည်းဖြည်း ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။ မြို့ပေါ်လူဦးရေပမာဏ များပြားလာသည်နှင့်အမျှ မြေဧရိယာများအပေါ် စနစ်တကျစီမံ ဆောင်ရွက်မှုမရှိခြင်းကြောင့် မြို့အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဖော်ဆောင်ရာတွင် လုပ်ငန်းနှောင့်နှေးမှုများနှင့် ထိခိုက်မှုများကြုံတွေ့ရသည့်အပြင် ယခင်အစိုးရလက်ထက်တွင် အလေးထားဆောင်ရွက်လာသည့် ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်လာပါတယ်။ ဖယ်ခုံမြို့ပေါ်တွင် ကြုံတွေ့နေရသော အခက်အခဲများထဲမှ ယခုလက်ရှိတွင် ပြည်သူများပြန်လည် တောင်းခံလိုသော အများပြည်သူပိုင်မြေ(၂)ခုကို အကျဉ်းချုပ်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမတစ်ခုအနေဖြင့် ဖယ်ခုံမြို့၊ နန်းဟူးရပ်ကွက်တွင် တည်ရှိသော အ. လ. က (၇)စာသင်ကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသားဦးရေ(၅၀၀)နီးပါးခန့်ရှိပါတယ်။ စာသင်ဆောင် (၃) ဆောင်ရှိပြီး ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် RC (၂)ထပ်တစ်ဆောင် ထပ်မံဆောက်လုပ်လျက်ရှိပါတယ်။ စာသင်ကျောင်းမြေဧရိယာ အကျယ်အဝန်းမှာ ဧကတစ်ဝက်ကျော်ကျော်သာရှိပါတယ်။ ကျောင်းသားများကစားရန် မြေနေရာလည်း အင်မတန်မှကျဉ်းပါတယ်။ ၎င်းစာသင်ကျောင်းမှာ (၁၉၅၄)ခုနှစ် ကတည်းကတည်ရှိပြီး(၁၉၈၆)ခုနှစ်တွင် ကျောင်းတွင်းရှိပညာရေး ဝန်ထမ်းနေအိမ်ရှေ့တွင် ဆက်သွယ်ရေးဌာနမှ ၄ားရမ်းပြီးလက်လှည့်ဖုန်း ထားရှိအသုံးပြုခဲ့ပါတယ်။ (၁၉၉၂)ခုနှစ်တွင် ဆက်သွယ် ရေးမှအပိုင်ယူပြီး စာသင်ကျောင်းမြေမှ ဆက်သွယ်ရေးဌာနမြေဖြစ်ခဲ့ပါသည်။ ယခုအခါဆက်သွယ်ရေးဌာနမှ ဖယ်ခုံမြို့အဝင်မင်းလမ်းမကြီးဘေးတွင် ရုံးခြံအကျယ်အဝန်း ဖြင့်အသုံးပြုတည်ရှိ နေပါသည်။ ထို့ကြောင့်ဆက်သွယ်ရေးဌာနသည် နေရာဟောင်းဖြစ်သည့် ကျောင်းမြေနေရာတွင် အသုံးပြုခြင်းမရှိတော့သော်လည်း မြေပေးမိန့်ရရှိထားပြီး၊ ဂရန်ရရှိထားပြီးဆိုကာ ပညာရေးဌာနကို ပြန်လည်လွှဲပြောင်းခြင်းမပြုပါ။ အများပြည်သူလည်း ကျောင်းမြေနေရာအဖြစ် ပြန်လည်သတ်မှတ်နိုင်ရန်အတွက် သက်သေအထောက်အထားနှင့်အတူ လက်မှတ်ရေးထိုးပြီး ရှမ်းပြည်နယ်အစိုးရကို တင်ပြတောင်းဆိုရန် စီစဉ်ဆောင်ရွက်နေကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ဒုတိယတစ်ခုအနေဖြင့် ဖယ်ခုံမြို့၊ ညောင်ကုန်းရပ်ကွက်၊ အ. ထ. က ကျောင်းရှေ့ရှိ အများပြည်သူပိုင် အားကစားကွင်း၊ လေ့ကျင့်ရေးကွင်းဘေးပတ်လည်၌ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တိုက်ခန်းများ၊ စာတိုက်ရုံး၊ ဥပဒေရုံး၊ အုပ်ချုပ်ရေးမှူးရုံး၊ ကြက်ခြေနီရုံးမြေနေရာ၊ မီးသတ်ဦးစီးဌာနနေရာ စသည်ဖြင့် မြေကွက်များအကွက်ချ သတ်မှတ်ပြီး အများပြည်သူများကန့်ကွက်ကြသော်လည်း သက်ဆိုင်ရာအကြီး အကဲများကိုယ်တိုင်ပါဝင်နေသောကြောင့် ထိရောက်မှုမရှိခဲ့ပါ။ ယခု အခါတွင် မီးသတ်ဦးစီးဌာနမှာ ခြံဝန်းနှင့်သီးခြား တည်ရှိနေသောကြောင့် ယခင်အသုံးပြုခဲ့သည့်အားကစားကွင်းမြေနေရာကို အများပြည်သူပိုင်အဖြစ် ပြန်လည်ပေးအပ်ရန်အတွက် ရှမ်းပြည်နယ်အစိုးရကို တင်ပြတောင်းဆိုသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း တင်ပြဆွေးနွေးလိုပါတယ်ရှင်။ ယခုမြို့ပြများတွင် မြို့အင်္ဂါရပ်များနှင့်အညီ၊ ဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ လူဦးရေထူထပ်များပြားလာပြီး အများပြည်သူများ အပန်းဖြေနားနေရန် ပန်းခြံများ၊ အားကစားကွင်းများ ပြန်လည်ဖော်ဆောင်၊ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူပိုင်မြေနေရာများကို ပြန်လည်စိစစ်ဖော်ဆောင်သင့်ကြောင်း ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၂ )၊ ပြည်နယ်လွှတ်တော်

ဦးသန်းထိုက်၏ "အများပြည်သူနှင့်သက်ဆိုင်သောမြေနေရာများ၊ မြို့အင်္ဂါရပ်နှင့် အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့်မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်များထုတ်ပေးထားခြင်းကိုပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန်ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးမိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းနောင့်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြို့နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းနိုင်ကြပါစေခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ဖြစ်ပြီး၊ ရှမ်းပြည်နယ်လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီကိုယ်စား ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ "အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်များထုတ်ပေးထားခြင်းကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏တင်ပြသောအဆိုနှင့် ပတ်သက်ပြီး ယနေ့မိမိတို့ ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ရင်ဆိုင်ကြုံတွေ့နေရသော အကြီးမားဆုံးစိန်ခေါ်မှုပြဿနာများတွင် တစ်ခုအပါအဝင်ဖြစ်သော မြေနေရာပြဿနာကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာန/အဖွဲ့အစည်း၊ ကုမ္ပဏီအသီးသီးတို့မှ အကြောင်းအမျိုးမျိုးကြောင့် အဓမ္မသိမ်းပြီး ရယူထားသော မြေနေရာပြဿနာများရှိသကဲ့သို့ သက်ဆိုင်ရာဌာနမှ မြေပေးမိန့်၊ မြေပုံစံ၊ မြေငှားဂရန်များကို ထုတ်ပေးပြီး ရယူထားသော မြေပြဿနာများလည်းများစွာ ရှိနေပါကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် အဓမ္မသိမ်းယူရရှိသော မြေနေရာများအား သက်ဆိုင်ရာအစိုးရမှ သိမ်းဆည်းခံမြေယာများ ပြန်လည်စိစစ်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြန်လည်စွန့်လွှတ်သင့်ပါက စွန့်လွှတ်ရန်၊ လျော်ကြေးပေးသင့်ပါက လျော်ကြေးပေးရန်၊ အစားထိုးပေးသင့်ပါက အစားထိုးပေးရန် ပြန်လည်စိစစ်ပြီး ဖြေရှင်းပေးနိုင်ခဲ့သော်လည်း သက်ဆိုင်ရာ ဌာနမှထုတ်ပေးလိုက်သော မြေပေးမိန့်၊ မြေပုံစံ၊ မြေငှားဂရန်များကြောင့် ဖြစ်ပေါ်ရသည့် မြေယာပြဿနာမှာ သက်ဆိုင်ရာအစိုးရမှ ပြန်လည်စိစစ်ပြီး ပြန်လည်ပယ်ဖျက်ပေးသင့်ပါက ပယ်ဖျက်ပေးမှသာလျှင် ပြဿနာဖြေရှင်းနိုင်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။သက်ဆိုင်ရာဌာနများ၏ ထုတ်ပေးလိုက်သောမြေပေးမိန့်၊ မြေပုံစံ၊ မြေငှားဂရန်များကြောင့် ယနေ့ထိ

တိုင် ရင်ဆိုင်နေရသောမူလမြေပိုင် ရှင်ဘဝမှ မြေမဲ့၊ ယာမဲ့ဘဝရောက်ရှိသွားကြသည့် သာဓကဥပမာကို မီးမောင်းထိုးပြရမည်ဆိုလျှင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ ပြည်နယ်အားကစားကွင်းကြီးတိုးချဲ့ရန်နှင့် မိုးလုံလေလုံအဆောက်အဦကြီး ဆောက်လုပ်ရန်အကြောင်းပြု၍ဦးအိုက်ထွန်း အသက်(၈၀) ခန့်ပိုင်ဆိုင်သောလယ်မြေ(၂)ဧကကျော်နှင့် အခြားသူတစ်ဦးမှ ပိုင်ဆိုင်သော လယ်မြေ(၁)ဧကကျော်ကို သိမ်းဆည်းခဲ့ပါတယ်။ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီး အသုံးပြုရန်မလိုအပ်တော့သည့် ပိုလျှံလယ်မြေများအား မူလမြေပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် အထက်ဌာနကညွှန်ကြားသော်လည်း ထိုစဉ်ရာအိမ်မှူးတာဝန်ထမ်းဆောင်သူပိုင်ဆိုင်သော ပိုလျှံလယ်မြေကို ပြန်လည်ပေးအပ်ပြီးရိုးသားသော ဦးအိုက်ထွန်း၏ ပိုလျှံလယ်မြေများကို မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် အောက်ခြေဌာနများ အနေဖြင့် အိမ်မြေကွက်ဖော်၍ မြေပေးမိန့်နှင့်တကွ(၁၀)နှစ် မြေငှားဂရန်ဖြင့် အခြားပုဂ္ဂိုလ်များသို့ ချထားရောင်းစားခဲ့ကြပါတယ်။ ဦးအိုက်ထွန်းမှ မိသားစုနေထိုင်ရန်အတွက်(၂)ကွက် (သို့မဟုတ်) အနည်းဆုံး (၁)ကွက် ပြန်လည်ပေးအပ်ရန် အကြိမ်ကြိမ်တောင်းခံလာသောကြောင့် ပြီးခဲ့သောအစိုးရသက်တမ်းတွင် အစားထိုးအဖြစ် လားရှိုးမြို့သစ်ဖော်ဆောင်ရန် လျာထားသောထင်းရှူးမြိုင်ကွက်သစ်တွင် အကျယ်(၆၀ပေ×၆၀ပေ) (၂)ကွက်အား ပြန်လည်ပေးအပ်ခဲ့သော်လည်း (၁)ကွက်တွင် ကျပ်(၉)သိန်းနှုန်းဖြင့် စုစုပေါင်း (၁၈) သိန်းကျပ်ကို အစိုးရအားပေးသွင်းရန် ပူးတွဲညွှန်ကြားထားပါတယ်။ ဦးအိုက်ထွန်းအနေဖြင့် ၎င်းမူလပိုင်ဆိုင်သောမြို့တွင်းလယ်မြေကိုမူ အလကားသိမ်းယူပြီး လူသူမနေသေးသော မြို့သစ် မြေကွက်အား ကျပ်ငွေ(၁၈)သိန်း ပေးသွင်းခိုင်းခြင်းမှာ လုံးဝမတရားဟုယူဆပြီး သွင်းလည်းမသွင်းနိုင်၊ ယူလည်းမယူနိုင် ဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ မိမိတို့ကော်မတီအနေဖြင့် ဦးအိုက်ထွန်း မူလပိုင်ဆိုင်သော လယ်မြေနေရာသို့ ကွင်းဆင်းစိစစ်ကာ အမှန်တကယ်ပင်အကွက်ရိုက်၍ အုတ်တံတိုင်းကာထားကြောင်းတွေ့ရှိရပြီး ဦးအိုက်ထွန်းအား အစားထိုးပေးသော ကွက်သစ်သို့ကွင်းဆင်းစိစစ်ရာ အမှန်တကယ်ပင်လူသူမနေသေးပဲ ထင်းရှူးတောများ ဖြစ်နေပါသေးတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပြီးခဲ့သော(၂၀၁၇)ခုနှစ်၊ မေလဆန်းပိုင်းက မိမိတို့ကော်မတီအနေဖြင့် ကွင်းဆင်းစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်ပေါ် မူတည်၍ သက်ဆိုင်ရာ ဌာနမှထုတ်ပေးလိုက်သော မြေပေးမိန့်၊ မြေပုံစံ၊ မြေငှားဂရန်များအား ပြန်လည်စိစစ်ပြီး ပယ်ဖျက်သင့်ပါက ပယ်ဖျက်ပေးနိုင်ပါရန် အကြံပြုပြီး ရှမ်းပြည်နယ်အစိုးရသို့ အစီရင်ခံစာတင်ပြခဲ့သော်လည်း ယနေ့တိုင် အလေးထားဆောင်ရွက်ပေးမှုမရှိသေးသည့်အတွက် မူလမြေပိုင်ရှင်ကိုယ်စားများစွာဝမ်းနည်းရပါတယ်။ ပြီးခဲ့သော အောက်တိုဘာလ(၁၈ နှင့် ၁၉)ရက်နေ့တွင်လည်း ဒေသခံပြည်သူများ၏ တင်ပြချက်အရ နောင်တရားမြို့သို့ ကွင်းဆင်းစိစစ်ရာ သက်ဆိုင်ရာဌာနများ၏ ထုတ်ပေးလိုက်သော မြေပေးမိန့်၊ မြေပုံစံ၊ မြေငှားဂရန်များကြောင့် ယနေ့တိုင်မူလခြံပိုင်ရှင်ဘဝမှ မြေမဲ့ယာမဲ့ဘဝ ရောက်ရှိနေကြနေသူများ ရှိနေကြပါတယ်။ နောင်တရားမြို့သည် (၂၀၀၂-၂၀၀၃) ခုနှစ်မှစ၍ စံပြကျေးရွာအဆင့်မှ မြို့နယ်ခွဲအဆင့်သို့ သတ်မှတ် ဖွဲ့စည်းခွင့်ရရှိသည့် အားလျော်စွာမရှိမဖြစ် လိုအပ်သောမြို့မြေများ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ နောင်တရားမြို့ရှိ ရဟန်း၊ သံဃာတော်များ မြို့မိ/မြို့ဖများ၊ အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များ၊ ဒေသခံ အာဏာပိုင်များ၊ မူလမြေပိုင်ရှင်များ၊ အားလုံးပေါင်းစပ် ညှိနှိုင်းပြီး ပွင့်လင်းမြင်သာသောစည်းရုံးမှုဖြင့်

နောင်တရားမြို့၊ မြို့မြေများကို အတည်ပြုသတ်မှတ်နိုင်ခဲ့ပါတယ်။ မြို့မြေသတ်မှတ်နိုင်သည်နှင့်အမျှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် မြို့ပြစီမံကိန်း ဖော်ဆောင်ရေးကော်မတီကို ဖွဲ့စည်းကာ မရှိမဖြစ်လိုအပ်သော ဌာနဆိုင်ရာမြေနေရာများနှင့် အားကစားကွင်း၊ စာသင်ကျောင်း၊ ဈေး၊ ပွဲရုံတန်း၊ ကားကြီး/ကားငယ်ကွင်း၊ ဆေးရုံစသည့်မြေနေရာများအား အောင်ပန်း-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးဘေး၏ ဝဲယာတစ်လျှောက် အချက်အချာကျသောမြေနေရာများတွင် မြေပေးမိန့်နှင့်တကွ သတ်မှတ်အတည်ပြု လျာထားပေးနိုင်ခဲ့ပါတယ်။ ဒါကို အခွင့်ကောင်းယူ၍ ကျန်ရှိနေသေးသော အချက်အချာကျသည့် မြေကွက်(၄၅) ကွက်ခန့်ကို သက်ဆိုင်ရာ အစိုးရဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက မြို့ကော်မတီများနှင့် မူလခြံပိုင်ရှင်များကို အသိမပေးဘဲ လျှို့ဝှက်ပြီး သက်ဆိုင်ရာဌာန အကြီးအကဲများ အမည်ဖြင့် မြေပေးမိန့်နှင့် မြေပုံစံများ ထုတ်ပေးခဲ့ပါတယ်။ ထိုစဉ်ကာလ၊ ခန့်မှန်းကာလ တန်ဖိုးမှာသိန်းပေါင်းထောင်ချီ ရှိပါတယ်။ မြေပေးမိန့်ရရှိထားသော ဌာနဆိုင်ရာအကြီးအကဲများသည်လည်း ဝန်ထမ်းများဖြစ်သည့်အားလျော်စွာအတည်တကျမနေရဘဲပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရခြင်းကြောင့် အဆင့်ဆင့်ရောင်းစားခဲ့ကြပါတယ်။ ယခုအခါ မြေပေးမိန့်၊ မြေပုံစံထုတ်ပေးသူနှင့် မြေပုံစံရရှိထားသောဝန်ထမ်းတို့သည် အခြားတစ်နယ်တစ်ကျေးသို့ အေးချမ်းစွာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေပြီဖြစ်သော်လည်း၊ ဒေသခံတောင်သူများအချင်းချင်း မြေယာအရှုပ်အရှင်းပြဿနာများ ယနေ့တိုင် မပြီးပြတ်နိုင်သေးပါ။ ဥပမာအားဖြင့် ဦးလယ်ပိုင်ဆိုင်သော စိုက်ပျိုးမြေပေါ်တွင် စည်ပင်သာယာရေးဌာန၏မြေနေရာအဖြစ် မြို့ကော်မတီများမှ သတ်မှတ်လျာထားပေးပြီး ဖြစ်ပါတယ်။အခြားသောဌာန (၇)ခုနှင့် တစ်ဆက်တည်းရှိပြီး အကျယ်မှာ(၈၀ပေ× ၁၆၀ပေ)ကိုညီတူညီမျှ သတ်မှတ်ကာမြေပေး မိန့်ထုတ်ပေးပြီးဖြစ်ပါတယ်။ ဒါကိုသက်ဆိုင်ရာ စည်ပင်သာယာရေးဌာန ပြည်နယ်အကြီးအကဲများက အစွန်ဆုံးတွင် ရောက်နေပါသဖြင့်နောင်တရားမြို့ မြောက်ဘက်ခြမ်းတွင် ( ၂၀၀ပေ×၁၆၀ပေ )ဧရိယာအကျယ်ကို ထပ်မံလျာထားသတ်မှတ်ပေးခဲ့ပါတယ်။ ဒီနေ့အထိ စည်ပင်သာယာရေးဌာနမှရုံးများ ဆောက်လုပ်ကာ လုပ်ငန်းလည်ပတ်လျက်ရှိပါတယ်။ ကနဦးလျာထားသတ်မှတ်ထားသည့်(၈၀ပေ×၁၆၀ပေ) အားမူလခြံပိုင်ရှင် ဦးလယ်သို့ပြန်လည်ပေးအပ်ရန် မြို့ကော်မတီမှ ညှိနှိုင်းသော်လည်း စည်ပင်သာယာရေးဌာနအနေဖြင့် နောက်နောင်ဝန်ထမ်းအိမ်ရာနှင့် စက်ယန္တရားများထားရှိရန်အကြောင်းပြ၍ လက်မခံခဲ့သောကြောင့် မြို့ကော်မတီမှလည်း ဆက်လက်အတည်ပြုပေးအပ်ခဲ့ပါတယ်၊ ကျန်မြေများကို မူလခြံပိုင်ရှင် ဦးလယ်မိသားစုမှစိုက်ပျိုးရန် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။ (၂၀၀၃)ခုနှစ် အထိ စည်ပင်မြေနေရာမှအပ ကျန်ရှိ စိုက်ပျိုးမြေပေါ်တွင် ဦးလယ်မိသားစုမှ ဆက်လက်လုပ်ကိုင်စိုက်ပျိုးလာရာ မည်သည့်ပြဿနာ တစ်စုံတစ်ရာမှမရှိဘဲ (၂၀၁၄) ခုနှစ်ရောက်ရှိတဲ့အခါ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနမှ ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ် လာပါတယ်။ အကြောင်းမှာ စည်ပင်သာယာရေးဌာနအနေဖြင့် (၂၀၁၀-၂၀၁၁)ခုနှစ်ကတည်းက နှစ်(၃၀)ဂရန် ရယူထားပြီး ဖြစ်ပါကြောင်းပြောပြမှ သာစည်ပင်သာယာရေးဌာနအနေဖြင့်မြေငှား ဂရန်ထုတ်ရာတွင် မြို့ကော်မတီ၏ အတည်ပြုသတ်မှတ်ထားသော (၈၀ပေ× ၁၆၀ပေ) ဧရိယာအတွက်သာမက မူလခြံပိုင်ရှင်ဦးလယ်၏ လုပ်ကိုင်စိုက်ပျိုးနေသော ကျန်မြေ (၂၀၄ပေ×၁၆၀ပေ) ဧရိယာကိုပါ သိမ်းကျုံးပြီး

လျှို့ဝှက်ကာမသမာသောနည်းဖြင့် မြေဂရန်များ ထုတ်ယူထားကြောင်း တွေ့ရှိရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး မူလခြံပိုင်ရှင်မိသားစုမှ မြို့ကော်မတီ၏ မှတ်တမ်းမှတ်ရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပူးတွဲပြီး သက်ဆိုင်ရာအစိုးရ၊ သက်ဆိုင်ရာဌာနများသို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဖြစ်စဉ်က ဂယနဏ တရား၏၊ မတရား၏ စိစစ်သုံးသပ်မှုမပြုဘဲ ၎င်းဌာန၏ လိမ်လည်တင်ပြမှုကိုသာ ယုံကြည်ပြီးပြန်လည်စွန့်လွှတ်ရန် မရှိကြောင်း လွယ်လင့်တကူပြန်လည်အကြောင်းကြားနေတာကို ဝမ်းနည်းစွာတွေ့ရှိ ရပါတယ်။ တစ်ဆက်တည်းမှာဘဲ ဦးလယ်၏မြေကို စည်ပင်သာယာရေးဌာနမှ သိမ်းကျုံးကာနှစ်(၃၀) မြေငှားဂရန်ထုတ်ပြန်ပြီး ဦးလယ်အတွက်ကျန်ရှိသည့် မြေဧက(၀.၁၈၃) ကိုလည်း သက်ဆိုင်ရာဌာနမှ မြေစာရင်းဦးစီးမှူး ဦးထွန်းထွန်း၏အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပြီး ဦးထွန်းထွန်းမှတစ်ဆင့် မြေပေးမိန့်ကိုအခြေခံကာ ဦးခွန်ဇော်ဟိုက်အမည်ပေါက် ပုံစံ(၁၀၅)ကို ထုတ်ပေး၍ လျှို့ဝှက်ရောင်းစားခဲ့မှုကြောင့် ယခုအခါဦးခွန်ဇော် ဟိုက်မှလည်း မြေပေးမိန့်နှင့် မြေပုံစံကို ကိုင်ဆောင်၍ အုတ်တံတိုင်းများ လာရောက်ကာရံထားခြင်းကြောင့် မူလမြေပိုင်ရှင် ဦးလယ် မိသားစုမှာ မြေမဲ့ ယာမဲ့ဘဝရောက်ရှိ နေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မိမိတို့ကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနမှ ထုတ်ပေးလိုက်သော မြေပေးမိန့်၊ မြေပုံစံ၊ မြေငှားဂရန်များအား ပြန်လည်စိစစ်ပြီး ပယ်ဖျက်ပေးပါရန် အကြံပြုတင်ပြထားပြီး ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် သာဓက(၂)ခုကို မီးမောင်းထိုးပြပြီး မြို့နယ်တိုင်း၊ နေရာတိုင်းမှာ ယခုကဲ့သို့ ကိစ္စရပ်များ ရှိနေပါကြောင်းနှင့် လက်ရှိရှမ်းပြည်နယ်အစိုးရကို ဦးဆောင်နေသော အစိုးရဝန်ကြီးများသည် လည်းကောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း မိဘပြည်သူများမှရွေးချယ်ထားသော ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာ မိမိတို့တာဝန်ထမ်းဆောင်နေသော (၅)နှစ်တာ ကာလအတွင်းမှာ သက်ဆိုင်ရာမိဘပြည်သူများ တင်ပြလာသော ပြဿနာကိစ္စရပ်များအပေါ် သက်ဆိုင်ရာဌာနများ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို အလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသကဲ့သို့ မိမိတို့ လွှတ်တော် ကိုယ်စားလှယ်များတို့၏ အစုအဖွဲ့မှ ကွင်းဆင်းစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကိုလည်း ရှမ်းပြည်နယ်အစိုးရအနေဖြင့် အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ကြောင်းတင်ပြရင်း ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ "အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေသည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းနှင့် မြေငှားဂရန်များ ထုတ်ပေးခြင်းများကို ပြန်လည်စိစစ် ပယ်ဖျက်ပေးရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီ ကျော်ဖြစ်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက် တင်သွင်းသော "အများပြည်သူနှင့် သက်ဆိုင်သော မြေနေရာများ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ၊ မြေငှားဂရန်ချထားပေးခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း" အဆိုကိုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ဖွဲ့စည်း ပုံအခြေခံဥပဒေ ပုဒ်မ ၃၇အရ နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတအားလုံး၏ မူရင်းပိုင်ရှင်သည် နိုင်ငံတော်ဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်၏ကိုယ်စား နိုင်ငံတော်မှအခွင့်အာဏာပေးအပ်ထားသူသည် စီမံပိုင်ခွင့်အခွင့်အာဏာရရှိပြီး အခွင့်အာဏာရှိသူသည် အဆိုပါ စီမံပိုင်ခွင့်မြေယာဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲရပါတယ်။ မြေအမျိုးအစားခွဲခြားသတ်မှတ်ချက်များကို ယနေ့ချိန်ထိကိုင်ဆောင်သုံးစွဲလျက်ရှိပြီး စီမံခန့်ခွဲခွင့်အာဏာကို လည်းဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာဥပဒေများဖြင့် စီမံခန့်ခွဲ လျက်ရှိကြောင်းသိရပါတယ်။ မည်သည့်နေရာစီမံခန့်ခွဲမှုမဆို အမိန့်တစ်ရပ်လိုအပ်ပါတယ်။ ထုတ်ပြန်ထားသော အမိန့်သည်လည်း စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဝန်ကြီးဌာနမှထုတ်ပြန်သော အမိန့်ဖြစ်ရပါမယ်။ အဆိုပါ အမိန့်တစ်ရပ်ထုတ်ပြန်၍ မြေယာစီမံခန့်ခွဲမှု ဆောင်ရွက်ရာတွင် ရုံးလုပ်ထုံးလုပ်နည်းနှင့်အညီညီညွတ်မှုရှိရမည်ဖြစ်ပါတယ်။ထုတ်ပြန်ထားသောအမိန့်တိုင်းတွင် မြေတည် နေရာ၊ အကောင်အထည်ဖော်မည့် အချိန်ကာလစသည်တို့ပါရှိပြီး မြေယာစီမံခန့်ခွဲမှုအမိန့်ပါအတိုင်း လက်ရောက်ရယူမှုလိုအပ်ပါတယ်။ မြန်မာနိုင်ငံတွင် မြေများကိုစီမံခန့်ခွဲရာတွင် မြို့ပြရွာမြေအစရှိသည်တို့ကို စီမံခန့်ခွဲလျက်ရှိသော ဝန်ကြီးဌာနမှာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပါတယ်။ အတိတ်ကာလ မြေယာများကို စီမံခန့်ခွဲမှုတိုင်း၌ အလွယ်တကူ အမိန့်တစ်ရပ်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်သူများကြားတွင် မလိုလားအပ်သော အငြင်းပွားမှုများဖြစ်ပေါ်လျက်ရှိပါတယ်။ စနစ်တကျစီမံခန့်ခွဲမှုအား နည်းခဲ့ခြင်းကြောင့် မြေဂရန်များထပ်နေခြင်း၊ မြေငှားဂရန်များထပ်နေခြင်း၊ မြေပေးမိန့်များထပ်နေခြင်း စသည့်အားနည်းချက်များကို တွေ့ရှိနေရပါတယ်။ ဥပမာအားဖြင့် တောင်ကြီး၊ ကလောမြို့နယ်နှင့် အောင်ပန်းမြို့ပေါ်ရှိ အများနှင့်သက်ဆိုင်သော မြေနေရာများ၊ စာသင်ကျောင်းများသည် ယခင်ကလူအများ လွတ်လပ်စွာအသုံးပြု လျက်ရှိနေခဲ့ရာမှ ယခုအခါ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သောအခါ မြေပေးမိန့်ကိုင်ဆောင်ထားသည့် ပိုင်ရှင်များ၊ အဆောက်အဦဆောက်လုပ်ထားသူများ၊ စည်းရိုးကာရံထားသူများသည် ယခုအခါထွက်ပေါ်လာသဖြင့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ ယင်းမြေပေးမိန့်များတွင် ပါရှိသောစည်းကမ်းချက်များသည် (၆)လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု ပါရှိသော်

လည်း ၎င်းစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခဲ့သူများမရှိခဲ့ပါ။ လိုက်နာဆောင်ရွက်မှုမရှိလျှင် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ရမည်ဟုလည်း ပါရှိပါတယ်။ ယခုလိုပုံစံမျိုးကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှာလည်း ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ "အများနှင့်သက်ဆိုင်သော မြေနေရာများ၊ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို ထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေးခြင်းများ မြေငှားဂရန်များ ထုတ်ပေးထားခြင်းများကို ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ် အစိုးရအားတိုက်တွန်းကြောင်း"အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို ကိုယ်စားလှယ် (၄)ဦးက အသီးသီးထောက်ခံ ဆွေးနွေးထားပါတယ်။ ယခုအဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (င) အရ သက်ဆိုင်ရာဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံ ပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆည်မြောင်းဝန်ကြီး၊ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ "အများပြည်သူနှင့်သက်ဆိုင်သော မြေနေရာများ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာ ရေးတို့ကိုထိခိုက်စေမည့် မြေနေရာများတွင် မြေပေးမိန့်ချထားပေး ခြင်းများ၊ မြေငှားဂရန်များထုတ်ပေးခြင်းများကို အများပြည်သူတို့၏ အကျိုးစီးပွားများကို ရှေးရှု၍ ပြန်လည်စိစစ်ပေးပါရန် ရှမ်း ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုနှင့်ပတ်သက်ပြီး ယနေ့လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးပေးသည့်အတွက်လည်း အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီအဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးရှင်းလင်းတင်ပြရမည်ဆိုလျှင် ကျွန်တော်တို့ မြို့နှင့်ကျေးရွာမြေစီမံခန့်ခွဲမှုများကို ၁၈၇၆ ခုနှစ် မြေနှင့်အခွန်ဥပဒေ၊ ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေ၊ ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက် ဥပဒေတို့နှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများကို မြေငှားဂရန် ပေးအပ်ချထားခြင်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် အထက်ပိုင်း မြေခွန်တော်လက်စွဲဥပဒေ၊ နည်းဥပဒေ၊

အမိန့်ဆင့်ဆိုချက်များနှင့် မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့နှင့်ကျေးရွာရှိ မြေယာလက်စွဲအက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ဆင့်ဆိုချက်တို့ တွင် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ယင်းဥပဒေများအရ ပေးအပ်ချမှတ်ရာတွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်လည်းကောင်း၊ လူနေရပ်ကွက်များ၏ ကျန်းမာရေးရှုထောင့်၊ မီးဘေးအန္တရာယ် ကာကွယ်ရေးစသည့်ရှုထောင့်များ စနစ်တကျရှိစေရန်လည်းကောင်း ရည်ရွယ်ပြီးတော့ အောက်ပါကိစ္စရပ်များအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဂရန်၊ အငှားဂရန်နှင့် လိုင်စင်များကို ချထားပေးပါတယ်-

(၁) လူနေထိုင်ရန်။

(၂) စက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်ရန်။

(၃) အများပြည်သူအကျိုးငှာအသုံးပြုရန်။

(၄) သာသနာ့မြေများအဖြစ် အသုံးပြုရန်။

မြေပေးမိန့်(ပါမစ်)ဆိုသည်မှာ ဥပဒေအရ ပြဋ္ဌာန်းထား ခြင်းမရှိသော်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်အရ လည်းကောင်း၊ မြို့၊ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ တိုးတက်လာမှု အတွက် လိုအပ်ချက်အရလည်းကောင်း၊ စည်းကမ်းချက်များဖြင့် သုံးစွဲခွင့်ပြုထားသည့် အိမ်ရာ၊ အဆောက်အဦ ဆောက်လုပ်ခွင့်ပြု ရန်အတွက် ခွင့်ပြုသည့်မြေနေရာချထားသည့် အမိန့်သာ ဖြစ်ပါ တယ်။ မြေပေးမိန့်(ပါမစ်)သည် ဂရန်အဆင့်မဟုတ်ပဲ ဂရန်များ၏ ရှေ့ပြေးအဆင့်တစ်ဆင့်သာဖြစ်ပြီး မြေနေရာချထားသည့် အမိန့်သာဖြစ်ပါတယ်။ မြေပေးမိန့် (ပါမစ်)ရရှိထားသူသည် ယင်း မြေကွက်ပေါ်တွင် နေထိုင်နိုင်သောသူဖြစ်သည်ဟု သတ်မှတ်ခံရသူ သာဖြစ်ပြီး အစိုးရမြေကို တရားဝင်သုံးစွဲခွင့်မရရှိသေးသောလူဟု ဆိုနိုင်ပါတယ်။ သတ်မှတ်ကာလအတွင်း ချထားပေးသော မြေကွက်ကို အဆောက်အဦမဆောက်လျှင် မြေနေရာချထားပေးမှုကို ပြန်လည်ဖျက်သိမ်းမည်ဟု မြေပေးမိန့် (ပါမစ်)များတွင်ပါရှိသည့် စည်းကမ်းချက်များတွင် ဖော်ပြထားပါတယ်။ အဆိုပါယာယီမြေ ပေးမိန့်(ပါမစ်)များဖြင့် ချထားပေးသည့် မြေနေရာသည် အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာများ(မြို့မြေလပ်)ဖြစ်မှသာ ချထား ပေးနိုင်ပြီး ယာယီမြေပေးမိန့်ရရှိသူသည် မြေငှားဂရန်ဆက်၍ မလျှောက်ထားပါက အသိအမှတ်ပြု ကျူးကျော်သူဟု သတ်မှတ်နိုင်ပါ တယ်။ မြေငှားဂရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုချထားပေး ရာတွင် အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ရပါတယ်-

(၁) ပြည်ထဲရေးဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ် ထားသော မြို့၊ ကျေးရွာ နယ်နိမိတ်ဧရိယာအတွင်းရှိ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနှင့် မြို့၊ ကျေးရွာ နယ်နိမိတ်ဧရိယာအတွင်း တည်ရှိပြီး လယ်ယာမြေ ဥပဒေ ပုဒ်မ ၃(က)တွင် လယ်ယာမြေတွင် အကျုံးမဝင်သည့် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများကို စိစစ်၍ ဂရန်၊ မြေငှား ဂရန်၊ လိုင်စင် ထုတ်ပေးသည်။

(၂) စက်မှုလက်မှုလုပ်ငန်း (သို့မဟုတ်) စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုပါက အမှန်တကယ် လုပ်ကိုင်သည့်လုပ်ငန်း လိုင်စင်နှင့်အညီ စက်မှုမြေငှားဂရန်ကိုသာ ထုတ်ပေးမည်။

(၃) မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသားအဖြစ် သတ်မှတ်မခံရသူ၊ နိုင်ငံခြားသားဖြစ်သူအား မြေငှားဂရန်ထုတ်ပေးခြင်း မပြုပါ။

(၄) တရားမကြောင်းအရ သက်ဆိုင်ရာတရားရုံးတွင် ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် မြေများနှင့် ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော မြေများကို မြေငှားဂရန်ထုတ်ပေးခြင်းမပြုပါ။

(၅) ဧရိယာအကျယ် (၂၀×၆၀)ပေ၊ ဧကအားဖြင့် (၀. ၀၁၂၇) ဧကထက်လျော့နည်းသည့် မြေများကို မြေငှားဂရန်ထုတ်ပေးခြင်းမပြုပါ။

(၆) အနား(၄)ရပ်ခိုင်မာမှုမရှိသည့်မြေနှင့် ဝင်လမ်း၊ ထွက်လမ်းမရှိသည့် မြေများကို မြေငှားဂရန်ထုတ်ပေးခြင်း မပြုပါ။

(၇) မြစ်၊ ချောင်းနှင့် ရေကန်များကို ကျော်ခိုင်းဆောက်လုပ်ထားသည့် အဆောက်အအုံမြေများနှင့် မီးရထားလမ်း၊ ကားလမ်း ဧရိယာ နယ်နိမိတ်အတွင်းရှိ မြေများကို မြေငှားဂရန် ထုတ်ပေးခြင်း မပြုပါ။

(၈) မဟာခါတ်အားလိုင်းအတွင်း ကျရောက်လျက်ရှိသော မြေများနှင့် မြေငှားဂရန်ထုတ်ပေးရန် မသင့်ကြောင်း သက်ဆိုင်ရာ ဌာနတစ်ခုခုမှ ဥပဒေနှင့်အညီကန့်ကွက်/ တားမြစ်ထားသည့် မြေများကို မြေငှားဂရန်ထုတ်ပေးခြင်းမပြုပါ။

မြေငှားဂရန်လျှောက်ထားမှုအပေါ် ခွင့်ပြုချက်ချထားပေးရာတွင် အထက်ပါအချက်များဖြင့် စိစစ်ဆောင်ရွက်သည့်နည်းတူ ခွင့်ပြုပြီးသော မြေငှားဂရန်များအား ပြန်လည်ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အယူခံခြင်းများနှင့်ပတ်သက်၍ "၁၈၈၉ ခုနှစ်၊ မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော်လက်စွဲ ဥပဒေ ပုဒ်မ ၁၀"တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါတယ်-

(၁) အခွန်တော်အရာရှိတစ်ဦးသည် မိမိသဘောအလျှောက်ဖြစ်စေ၊ အကျိုးဝင်ပတ်သက်သူတစ်ဦးတစ်ယောက်၏လျှောက်ထားချက်အရဖြစ်စေ ၎င်းအရာရှိ ကိုယ်တိုင်ချမှတ်ခဲ့သည့် အမိန့်ကိုလည်းကောင်း၊ ၎င်းရာထူးတွင် ယခင်ထမ်းဆောင်ခဲ့ဖူးသူ အရာရှိတစ်ဦးချမှတ်ခဲ့သည့်အမိန့်ကိုလည်းကောင်း၊ ထပ်မံကြည့်ရှုစစ်ဆေးပြီး လိုအပ်လျှင် ပြောင်းလဲပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ကိုဆောင်ရွက်နိုင်သည်။

(၂) သို့သော် ပြည်နယ်အုပ်ချုပ်ရေးမှူးကဖြစ်စေ၊ ကော်လိတ္တော်အရာရှိ(ခရိုင်အုပ်ချုပ်ရေးမှူး) ကဖြစ်စေ၊ ကိုယ်တိုင်ချမှတ်သည့်အမိန့် မဟုတ်သောအမိန့်တစ်ရပ်ကို ထပ်မံကြည့်ရှုသင့်သည်ဟုယူဆသည့်အခါ သို့မဟုတ် ၎င်းကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး) အောက်ရာထူးနိမ့်သည့် အခွန်တော်အရာရှိမှ ချမှတ်ခဲ့သည့်အမိန့်ကိုဖြစ်စေ၊ ၎င်းရာထူးတွင် ယခင်ကထမ်းရွက်ခဲ့ဖူးသူမှ ချမှတ်ခဲ့သည့်အမိန့်ဖြစ်စေ ထပ်မံကြည့်ရှုစစ်ဆေးရန်လိုအပ်သည့်အခါ မိမိအထက်အခွန်တော်အရာရှိ၏အမိန့်ကိုခံယူရမည်။

•

ဌင်းအပြင် အခွန်တော်ဌာနချုပ်ဝန်ကြီး (ညွှန်ကြားရေးမှူး ချုပ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)မှ အမှုတွဲများနှင့်ပတ်သက်၍ မည်သည့်အချိန်တွင်မဆို တောင်းယူကြည့်ရှုနိုင်ကြောင်းနှင့် ချမှတ်ခဲ့သည့် အမိန့်တစ်ရပ်ကို ပယ်ဖျက်ခြင်း (သို့မဟုတ်) ပြင်ဆင်ခြင်း ပြုနိုင်ကြောင်းကို ၁၈၈၉ ခုနှစ်၊ မြန်မာနိုင်ငံအထက်ပိုင်းမြေခွန်တော် လက်စွဲဥပဒေပုဒ်မ ၁၁ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါတယ်-

(၁) အခွန်တော်ဌာနချုပ်ဝန်ကြီး ( ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ) မှ ဌင်းလက်အောက်ရှိ မည်သည့်အခွန်တော်အရာရှိရုံးတွင် မဆိုဖြစ်ပွားလျက်ရှိသော မြေငှား မြေငှားဂရန်ခွင့်ပြုပြီးသည့်ကိစ္စများနှင့် စပ်လျဉ်း၍ အမှုတွဲများကို မည်သည့်အခါမဆို တောင်းယူကြည့်ရှုနိုင်သည်။

(၂) ဝန်ရှင်တော်မင်းကြီး (ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) သို့မဟုတ် ကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေမှူး)မှ ဌင်းကြီးကြပ်မှုအောက်တွင်ရှိသော မည်သည့် အခွန်တော်အရာရှိ ရှေ့တွင်မဆို ဖြစ်ပွားလျက်ရှိသော မြေငှားဂရန် အငြင်းပွားမှု သို့မဟုတ် ခွင့်ပြုချမှတ်ပြီးသည့်အမှုများနှင့် စပ်လျဉ်းသည့် အမှုတွဲများကို တောင်းယူခွင့်ရှိသည်။

(၃) ဝန်ရှင်တော်မင်းကြီး (ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)မှဖြစ်စေ ကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး)မှဖြစ်စေတောင်းယူကြည့်ရှုစစ်ဆေးပြီး သည့်အမှုများတွင် လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ သို့မဟုတ် ယခင်ခွင့်ပြုခဲ့သည့် အမိန့်ကို ပြင်ဆင်သင့်ကြောင်း သို့မဟုတ် ပယ်ဖျက်သင့်ကြောင်း စသည့်သဘောထားများနှင့် အတူ ဌင်းအမှုတွဲအား အခွန်တော်ဌာနချုပ်ဝန်ကြီး(ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန) ထံအစီရင်ခံတင်ပြရမည်။

(၄) အခွန်တော်ဌာနချုပ်ဝန်ကြီး( ညွှန်ကြားရေးမှူးချုပ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)မှ အထက် အပိုဒ်(၁)အရ ကိုယ်တိုင်တောင်းယူ ကြည့်ရှုခြင်း သို့မဟုတ် အထက်အပိုဒ်(၃)အရ ဌင်းထံ အစီရင်ခံစာ တင်ပြလာသည့်ကိစ္စများတွင် သင့်တော်သည့် အမိန့်ကိုချမှတ်ခွင့်ရှိသည်။ ထိုသို့ချမှတ်ခဲ့သည့် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများတွင် ဆိုင်ရာ၊ ဆိုင်ခွင့်ရှိ ရှိသည့်အချက်များကိုထိခိုက်၍ အမိန့်မချမှတ်ရ။

အလားတူ အများပြည်သူနှင့်သက်ဆိုင်သော (Public Use) နေရာများဖြစ်သည့် " သုသာန်မြေ၊ ရေကန်၊ ကလေးကစားကွင်း၊ ပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင်၊ ကန်တော်ကြီးမြေ" စသည်တို့နှင့်ပတ်သက်၍ ရှေးယခင်ကတည်းကပင် မြေငှားဂရန် ထုတ်ပေးထားသည့် အစဉ်အလာမရှိပါသဖြင့် ယင်းမြေများအား မြေငှားဂရန်ထုတ်ပေးခြင်းမပြုဘဲ မြေစာရင်းတွင် မှတ်တမ်းတင်ထားရှိရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှလည်း(၁၅-၁၁-၂၀၁၄) ရက်စွဲပါစာအမှတ်၊ ၂၀၀/၂-၇ /ဦး ၁ ဖြင့် ညွှန်ကြားထားရှိသဖြင့် လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ ယင်းကဲ့သို့သက်ဆိုင်ရာဌာနများ၏ညွှန်ကြားချက်အရ(Public Use) မြေနေရာများအား မြေငှားဂရန်ထုတ်ပေးခြင်းမပြုဘဲ အများပြည်သူနှင့် သက်ဆိုင်သော မြေအဖြစ်

ကော်လိတ္တော်အရာရှိထံတင်ပြပြီး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် စာရင်းမှတ်တမ်းရေးသွင်း၍ ထိန်းသိမ်းထားရန်လိုအပ်မည်ဖြစ်ပါတယ်။ အများပြည်သူနှင့်သက်ဆိုင်သောမြေနေရာများတွင် မြေငှားဂရန် ပေးအပ်ချထားခြင်းများရှိပါက ပယ်ဖျက်နိုင်ရေးအတွက် သီးခြားလျှောက်ထားတင်ပြရန် လိုအပ်မည်ဖြစ်ပြီး ၎င်းမြေနေရာများသည် ယခင်ကအများနှင့် သက်ဆိုင်သောမြေနေရာမဟုတ်ဘဲ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေပေါ်တွင် မြေငှားဂရန်ရယူပြီး အဆောက်အဦဆောက်လုပ်ထားခြင်းဖြစ်ပါက ၎င်းမြေနေရာအား ပြန်လည်ရယူနိုင်ရေး (အများပြည်သူနှင့် သက်ဆိုင်သောမြေနေရာအဖြစ် သတ်မှတ်နိုင်ရေး) အတွက် ၁၈၉၄ ခုနှစ် မြန်မာနိုင်ငံ မြေသိမ်းအက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လျော်ကြေးငွေပေးချေ၍ မြေကိုပြန်လည်သိမ်းဆည်းဆောင်ရွက်ရပါမယ်။ လက်ရှိအချိန်တွင် ရှမ်းပြည်နယ်အတွင်း အများပြည်သူနှင့်သက်ဆိုင်သော မြေနေရာအဖြစ် သတ်မှတ်ထားသည့် မြေနေရာများတွင် မြေငှားဂရန် ထုတ်ပေးခြင်းများရှိပါက ပြန်လည်ပယ်ဖျက်ပေးနိုင်ရေးအတွက် သက်ဆိုင် ရာကော်လိတ္တော်အရာရှိထံတင်ပြလာပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့်မြေနေရာအဖြစ် သတ်မှတ်ထားသောမြေနေရာများတွင် မြေငှားဂရန်ထုတ်ပေးခြင်းမရှိစေရေး လက်အောက်တာဝန် ရှိသူအဆင့်ဆင့်သို့ ညွှန်ကြားကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ခရိုင်(၁၃)ခရိုင်၊ မြို့နယ်(၅၅)မြို့နယ်၊ မြို့(၈၅)မြို့ရှိရာ ၎င်းနေရာများရှိ မြေယာများအားလုံးကို စစ်ဆေးရမည်ဆိုပါက အချိန်ကာလတစ်ခု ကြာမြင့်နိုင်မည်ဖြစ်ပြီး အချို့မြေ နေရာများတွင် ကွက်စိပ်/ကွက်ကျဲ တိုင်းတာမှုမပြုရသေးခြင်း၊ အချို့ မြို့ရွာများရှိ မြေနေရာများတွင် အများပြည်သူနှင့် သက်ဆိုင်သော မြေဟုယူဆသော်လည်း မြေရာဇဝင်မှတ်တမ်းများအရ အများနှင့် သက်ဆိုင်သည့် မြေနေရာအဖြစ် မှတ်တမ်းတင်ထားခြင်းမရှိဘဲ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် မှတ်တမ်းတင်ထားခြင်းများ ရှိနိုင်ခြင်းတို့ကြောင့်မလိုလားအပ်သောရှုပ်ထွေးမှုများ၊အထင်အမြင် လွဲမှားမှုများ၊ မြေငှားဂရန်ရရှိထားသူများ၏ ကန့်ကွက်မှုများကို ကြုံတွေ့ရနိုင်ပါသည်။ သို့ဖြစ်ပါ၍ အများပြည်သူနှင့် သက်ဆိုင်သောမြေနေရာအဖြစ် သတ်မှတ်ထားသည့် မြေပေါ်တွင် မြေငှား ဂရန်ချထားပေးမှုများရှိပါက တိကျစွာဖော်ပြ၍ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာကော်လိတ္တော်အရာရှိ (ခရိုင်အုပ်ချုပ်ရေးမှူး)ထံ တင်ပြလျှောက်ထားစေပြီး ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခြင်းမှာ ပိုမိုသင့်လျော်ပါသဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးသန်းထိုက်၏အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်းနှင့် ကိုယ်စားလှယ်များအနေဖြင့် သိလိုသည့် မြို့နယ်များအလိုက် မေးခွန်းများ မေးမြန်းနိုင်ပြီး ၎င်းမေးခွန်းများကို ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ သက်ဆိုင်ရာပြည်နယ် အဖွဲ့အစည်းဝင် ဝန်ကြီးက ဒီအဆိုကိုမှတ်တမ်းအဖြစ်ထားသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (စ)နှင့် (ဆ)အရ အဆို တင်သွင်းသော ဦးသန်းထိုက်မှ နောက်တစ်ကြိမ်ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ တိုက်တွန်းကြောင်းအဆိုကို ကျိုးကြောင်းဆီလျော်စွာရှင်းပြပေးသော အစိုးရအဖွဲ့ဝင်ဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ဝန်ကြီး ပြောသွားသည့်အထဲမှာ အချက်တွေ အများကြီးပါပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးလည်းကြားမှာဖြစ်ပါတယ်။ ဝန်ကြီးပြောတဲ့အချက်နဲ့ လက်တွေ့ဖြစ်နေတာ ကွာခြားချက် အများကြီးရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိမဲဆန္ဒနယ်မှာ ပြည်သူတွေနဲ့ အမြဲတမ်းထိတွေ့နေတာဟာ ကြီးမား တဲ့ကွာခြားချက်ရှိနေပါတယ်လို့ဆိုလိုပါတယ်။ ဝန်ကြီးဖြေကြားတဲ့ထဲမှာ အများနှင့်သက်ဆိုင်တဲ့နေရာမှာ မြေငှားဂရန် ထုတ်ပေးထားခြင်း မရှိပါဘူးဆိုတာမှာ စတင်ကွဲလွဲနေတာဖြစ်ပါတယ်။ နိုင်ငံတော်က ပြဋ္ဌာန်းထားပြီး အာဏာပေးအပ်ထားတဲ့ဌာနတွေမှာ ဒီအမိန့်ကိုထွက် ဆိုရပါတယ်။ ဒီအမိန့်ကို ထွက်ဆိုထားတဲ့ဝန်ကြီးဌာနကပဲ တာဝန်ယူရပါတယ်။ ဝန်ကြီးပြောတဲ့အထဲမှာ ဒီလိုကိစ္စတွေကို ကော်လိတ္တော်အရာရှိကို တင်ပြပါလို့ဘဲ သုံးစွဲထားတာရှိပါတယ်။ ကျွန်တော်တို့က တင်ပြမှ ဆောင်ရွက်မှာလားလို့ ပေါ်ပေါက်သလိုပဲဖြစ်ပါတယ်။မနေ့က ဦးအောင်သူ ဆွေးနွေးသွားတဲ့ မေးခွန်းထဲမှာလဲပါပါတယ်။ ဒီစာသင်ကျောင်း မြေပေါ်မှာကျူးကျော်မှုတွေရှိလာပါပြီ။ ဒါကို ဘယ်လိုလုပ်မှာလဲဆိုတာနဲ့ပတ်သက်ပြီး လုပ်ဖို့စီစဉ်နေပါတယ်။ အဲ့ဒီကျောင်းအတွက်လိုအပ်တဲ့ အားကစားကွင်းတွေ၊ ကျောင်းရဲ့လိုအပ်တဲ့ ပြုပြင်မွမ်းမံထိန်းသိမ်း စရိတ်တွေ ဒီအဆောက်အဦသစ်အတွက် ဘတ်ဂျက်ကတောင်းလို့ မရတော့ဘူးဆိုတဲ့အဓိပ္ပါယ်သက်ရောက်သွားမှာပါ။ သက်ဆိုင်ရာ မဲဆန္ဒအသီးသီးမှာရှိတဲ့ မြို့နယ်တွေမှာ လက်ရှိဖြစ်ပျက်နေတဲ့ အနေအထားပါ။ ဒါကိုတာဝန်ခံမှုအပိုင်းကို ဆိုလိုတာပဲဖြစ်ပါတယ်။ တာဝန်ယူထားတဲ့ဌာနတွေရဲ့ ကြီးကြပ်ပြီး စိစစ်ရတဲ့အပိုင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်မှုကို လိုချင်ပါတယ်။ ဒါမှ ဖွံ့ဖြိုးရေးမှာသော်လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာသော်လည်းကောင်း သက်ဆိုင်ရာမြို့နယ်မှာ လိုအပ်တဲ့ ဘတ်ဂျက်ရန်ပုံငွေတွေ တောင်းခံတဲ့အခါတွေမှာ မြန်မြန် ဆန်ဆန်ဖြည့်ပေးမှသာ ခက်ခဲကြန့်ကြာတဲ့အပိုင်းတွေ၊ မလိုလားအပ်တဲ့ ကြန့်ကြာမှုတွေရှိမှာမဟုတ်ပါဘူး။ ရှမ်းပြည်နယ်လွှတ်တော်မှာဖွဲ့စည်းထားတဲ့တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ် ရေးရာကော်မတီမှာ ရောက်ရှိလာတဲ့ တိုင်ကြားစာမှာလည်းအများ ပြည်သူနဲ့သက်ဆိုင်တဲ့အပိုင်းကို လာရောက်ကူညီဖြေရှင်းပေးပါရန်ဆိုပြီး မြေပြင်ကိုသွားကြည့်တဲ့အခါမြေပေးမိန့်ရှိလို့လုပ်ရတဲ့နေရာမှာ အခက်အခဲအများကြီး ကြုံတွေ့ရတဲ့အပိုင်းရှိပါတယ်။ ရှမ်းပြည်နယ် လယ်ယာမြေနဲ့ အခြားလယ်ယာမြေသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက်ကွင်းဆင်းစိစစ်တဲ့နေရာမှာ တပ်မတော်မှမစွန့်လွှတ်မြေဆိုရင် ဒါကိုမူဝါဒကွဲကွဲပြားပြားလေးနဲ့ ဆောင်ရွက်လို့ရတဲ့အပိုင်းပါ။ မြေပေးမိန့်ကြောင့် ရှေ့လျှောက်ရပ်သွားတဲ့အပိုင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ဝန်ကြီးဖြေသွားတဲ့ထဲမှာ ပါပါတယ်။ မြေပေးမိန့်ဆိုတာ ဥပဒေထဲမှာ မပါဘူးလို့ ပြောပါတယ်။ ဂရန်ရဲ့ရှေ့ပြေးလို့ဆိုပါတယ်။ ထုတ်ပြန်ထားတဲ့ အရာရှိတစ်ယောက်က လက်ရှိပြောင်းသွားလို့ နောက်တစ်ယောက်ပြန်ရောက်လာရင် သူကဒါကို သုံးသပ်တယ်၊ ဆုံးဖြတ်တယ်၊ ရွေးချယ်ပိုင်ခွင့်ရှိတယ်လို့ ဝန်ကြီးဖြေကြားတဲ့ အထဲမှာပါပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေမှာ ရောက်ရှိလာတဲ့

ကော်လိတ္တော်အရာရှိကို သွားမေးရင် ဒါက မြေပေးမိန့်နဲ့ပေးထားတာဖြစ်တဲ့အတွက် မတတ် နိုင်ပါဘူးလို့ အများဆုံးဖြေမှာပါ။ ဒါကို အားလုံးလဲသိပြီး ဖြစ်မှာပါ။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရကို တိုက်တွန်းတယ်ဆိုတာဟာ ရှမ်းပြည်နယ်မှာရှိတဲ့ ပြည်သူတွေရဲ့အကျိုးစီးပွား၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍ ဒါတွေကို ထောက်ရှုပြီးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ပြန်လည်စိစစ်ပယ်ဖျက်ပေးပါရန် တိုက်တွန်းခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီးလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရလိုပါတယ်။ အားလုံးကိုကျေးဇူး အများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်ကနေပြီးတော့မှ ဒီအဆိုကို မှတ်တမ်းတင်ဖို့ ဆွေးနွေးရှင်းလင်းသွားပါတယ်။ သို့သော် အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က ၎င်း၏အဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒကို ခံယူလိုပါကြောင်း တင်ပြလာပါသဖြင့် ယခုအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံး အဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော် ကိုယ်စားလှယ်၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခု အဆိုကို အတည်ပြုရန်သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးတက်ရောက်သူ(၁၂၄)ဦး ရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော့ကို နှုတ်လိုက်တဲ့အခါမှာ ဆန္ဒမဲပေးတဲ့လွှတ်တော်ကိုယ်စားလှယ်ဟာ (၁၂၃)ဦးဖြစ်ပါတယ်။ ယခုအခါ အဆိုကို အတည်ပြုဖို့ အတွက် ထောက်ခံတဲ့ပုဂ္ဂိုလ်ဟာ (၆၉)ဦး ဖြစ်ပါတယ်။ (၆၉)ဦးဖြစ်တဲ့အတွက် အစည်းအဝေးတက်ရောက်သူရဲ့ ထက်ဝက်ထက်ကျော်ပါတယ်။ အကယ်၍ အစည်းအဝေးတက်ရောက်သူရဲ့ ထက်ဝက်ထက်မကျော်လွန်ဘူးလို့ဆိုရင် ကျွန်တော်တို့ကြားနေကို မေးဖို့ရှိပါတယ်။ အခုကြားနေကို ကျွန်တော်အနေနဲ့ ဆက်လက်ပြီးတော့မှ မေးဖို့မရှိတော့ပါဘူး။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုပေးဖို့ ထောက်ခံသူ (၆၉)ဦးရှိတဲ့အတွက် အဆိုကိုအတည်ပြုကြောင်းကြေညာပါတယ်။